ဗဟို၏ မူးယစ်ဆေးဝါးပပျောက်ရေးသတ်မှတ်ချက်များကို ပြတ်ပြတ်သားသား အကောင်အထည်ဖေါ် လုပ်ဆောင်ကြရမည်။

(တပ်ရင်း၊ မြို့နယ်၊ ဌာနစု၊ ဌာနကြီးအဆင့်ထိ ဖြန့်ဝေရန်)

'ဝ'နယ်သည် ၂၀၀၅ ခုနှစ်၊ ဇွန်လ(၂၆)ရက်နေ့မှစ၍ မူးယစ်ဆေးဝါးဇစ်မြစ်ကင်းမဲ့ဖို့ ရည်မှန်းချက်ဖြစ်မြောက်တော့မည်ဖြစ်သည်။

«'ဝ'နယ်အခြေခံဥပဒေ» «မူးယစ်ဆေးဝါး တားဆီးပိတ်ပင်ရေးအမိန့်» «အမှတ်(၂) မူးယစ်ဆေးဝါးတားဆီးပိတ်ပင်ရေးအမိန့်» များ၏ စိတ်ဓါတ်အတိုင်း၊ ဇွန်လ(၂၆)ရက် နေ့မှစ၍ တနယ်လုံးတွင် အောက်ပါသတ်မှတ်ချက်များကို ပြတ်ပြတ်သားသားအကောင်အထည် ဖေါ်လုပ်ဆောင်ကြရမည်။

၁။ ဘိန်းစိုက်ပျိုးခြင်း မရှိအောင်လုပ်ရမည်။

ဇွန်လ(၂၆)ရက်နေ့မှစတင်၍ တနယ်လုံးမှာ ဘိန်းစိုက်ပျိုးခြင်းမရှိသော ရည်မှန်းချက်ကို ပြတ်ပြတ်သားသား လုပ်ဆောင်ရမည်။ ချိုးဖေါက်သူကို အောက်ပါအရေးယူခြင်းများ လုပ်ဆောင်ရမည်။

(၁) ချက်ချင်းကိုယ့်ဖါသာ ဘိန်းပင်များ ခုတ်ရှင်းပစ်ရန် အမိန့်ချမည်။

(၂) ခုတ်ရှင်းရန် ညင်းဆန်သူအား တပ်ဖွဲ့၊ ရဲ၊ ပြည်သူ့စစ်များ စေလွှတ်၍ အကြမ်းနည်းဖြင့် ခုတ်ရှင်းပစ်ရမည်။ ဘိန်းစိုက်သူသည် ပါဝင်ခုတ်ရှင်းပေးသူများအတွက် နေ့စဥ် တစ်ယောက်ကို တရုတ်ငွေယွမ်(၃၀)လုပ်အားခ ထုတ်ပေးမည်။

(၃) အကြမ်းနည်းဖြင့် ညင်းဆန်သူအား ဘိန်းတစ်မိုစိုက်ထားတိုင်း တရုတ်ငွေယွမ်(၅၀၀) ဒါဏ်ငွေသတ်ပြီး၊ တချိန်းတည်းမှာ ထောင်ဒါဏ်(၆)လချမည်။

(၄) အကယ်၍ ညင်းဆန်သော အရေးအခင်းဖြစ်ပွားလျှင် ၎င်းဒေသက သက်ဆိုင်ရာ ခေါင်းဆောင်၏ ဆက်နွယ်သောတာဝန်အရ အရေးယူမည်။

၂။ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း မရှိအောင်လုပ်ရမည်။

မည်သည့်အုပ်စု (သို့) တစ်ဦးချင်းဖြစ်စေ၊ 'ဝ'နယ်ပိုင်နက်အတွင်းမှာ မူးယစ်ဆေးဝါး ထုတ်လုပ်ခြင်းကို လုံးဝခွင့်မပြုပါ။ ချိုးဖေါက်သူကို အောက်ပါအတိုင်း အရေးယူရမည်။

(၁) မူးယစ်ဆေးဝါး၊ စက်ယန္တယား၊ ပို့ဆောင်ရေးကိရိယာများ အားလုံးကို သိမ်းပစ်ရမည်။

(၂) သိမ်းယူရသမျှသော မူးယစ်ဆေးဝါးတန်ဘိုး၏ ၁၀၀% ကျ ဒါဏ်ငွေဆောင်ရမည်။

(၃) အဓိက ဦးစီးသူအား (၅)နှစ်အထက် (၁၀)နှစ်အောက် ဒါဏ်ချရမည်။ အခြေအနေ ဆိုးဝါးသူအား (၁၀)နှစ်အထက် ထောင်ဒါဏ်ချမည်။

(၄) နောက်လိုက်တို့အား (၁–၅)နှစ် ထောင်ဒါဏ်ချရမည်။

၃။ **မူးယစ်ဆေးဝါးရောင်းဝယ်ရေးခြင်း မရှိအောင်လုပ်ရမည်။**

တဆင့်ဆင့်ဖြင့် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း မရှိအောင် လုပ်ကြရမည်။ ၂၀၀၅ ခုနှစ်၊ဇွန်လမှ ၂၀၀၈ ခုနှစ်၊ ဇွန်လအထိ (၃)နှစ်နောက်မှာ တနယ်လုံးတွင် မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းကို ရှင်းလင်းပစ်ရမည်။

၄။ နယ်ပြင်ပမှ မူးယစ်ဆေးဝါးကို သယ်ဆောင်လာခြင်း(သို့)နယ်ဖြတ်ကျော်ခြင်းမှန်သမျှကို မူးယစ်ဆေးဝါးများ၊ မူးယစ်ဆေးဝါးရောင်းဝယ်သည့်ငွေနှင့်ပို့ဆောင်ရေးကိရိယာများကို ဖမ်းဆီးသိမ်းပိုက်ပြီး မူးယစ်ဆေးဝါးအားလုံးကို မီးရှို့ဖျက်ဆီးပစ်မည်။ 'ဝ'နယ်၌ မူးယစ်ဆေးဝါးကို နယ်ဖြတ်ကျော် သယ်ဆောင်သောအပြစ်ရှိသူအား(၃–၅)နှစ် ထောင်ဒါဏ်ချမည်။ မူးယစ်ဆေးဝါး သယ်ဆောင်ပြီး 'ဝ'နယ်မှာ ရောင်းဝယ်ခြင်းလုပ်သူအား (၅–၇)နှစ် ထောင်ဒါဏ်ပေးမည်။ သယ်ယူပို့ဆောင်ရာမှာ အကူအညီပေးခြင်း၊ သိမ်းဝှက်ထားခြင်း၊ မူးယစ်ဆေးဝါးကို ပြောင်းရွှေ့ခြင်း လုပ်သူအား (၃–၅)နှစ် ထောင်ဒါဏ်ပေးမည်။

၅။ **တရုတ်ပြည်၊ အခြားအိမ်နီးချင်းနိုင်ငံနှင့်အစိုးရနယ်မြေထဲသို့ မူးယစ်ဆေးဝါး မသယ်ဆောင်ရ။**

၁။ မူးယစ်ဆေးဝါးကို တရုတ်ပြည်၊ အခြားအိမ်နီးချင်းနိုင်ငံနှင့်အစိုးရနယ်မြေထဲသို့ သယ်ဆောင်သူသည်၊ အကယ်၍ တရုတ်ပြည်ဖက်၊ အခြားအိမ်နီးချင်းနိုင်ငံနှင့်ပြည်ထောင်စုအစိုးရက ဖမ်းဆီးမိပါက တရုတ်ပြည်၊ အခြားအိမ်နီးချမ်းနိုင်ငံနှင့်အစိုးရ၏ဥပဒေအတိုင်း အရေးယူမှုခံရမည်။

၂။ တရုတ်၊ အခြားအိမ်နီးချင်းနိုင်ငံနှင့်အစိုးရနယ်မြေထဲသို့ မူးယစ်ဆေးဝါးသယ်ဆောင်သော 'ဝ'နယ်တွင်း နေထိုင်သူကို ကျွန်တော်တို့ဖက်မှ ဖမ်းဆီးမိလျှင် သယ်ဆောင်သော ဟီရိုင်းအင်း ဂရမ်(၇၀၀)ရှိတိုင်း ထောင်ဒါဏ်(၅)နှစ် ချပြီးသတ်မှတ်ချက်အတိုင်း ဒါဏ်ငွေအဖြစ် တရုတ်ငွေယွမ် (၅၀၀၀၀)ငါးသောင်း အပ်ပေးရမည်။ ဟီရိုးအင်း ဂရမ်(၃၅၀၀) အထက် သယ်ဆောင်ထားလျှင်(၁၀)နှစ်အထက် ထောင်ဒါချခြင်း(သို့)အချိန်အကန့်အသတ်မရှိ ထောင်ဒါဏ်ချရမည်။ တချိန်တည်းမှာ တစ်ဦးချင်းပိုင် အိုးအိမ်ပစ္စည်းများကို သိမ်းပိုက်ခံရမည်။ 'ဝ'နယ်တွင် နေထိုင်သူမဟုတ်ဘဲ မူးယစ်ဆေးဝါးကို သယ်ဆောင်၍ 'ဝ'နယ်

ကို ကျော်ဖြတ်ပြီး တရုတ်၊ အခြားအိမ်နီးချင်းနိုင်ငံနှင့်အစိုးရ နယ်မြေထဲသို့ သယ်ပို့သူဖြစ်လျှင် 'ဝ'နယ်တွင် နေထိုင်သူကို ကိုင်တွဲအရေးယူခြင်းမူအတိုင်း ဖြေရှင်းမည်။ ထောင်ဒါဏ်ပြည့်သည့်နောက်တွင် နဂိုဇာတိမြေထံသို့ပြန်ပို့မည်။

၆။ မူးယစ်ဆေးဝါး ဖြတ်ရောင်းခြင်းမပြုရ။

၁။ ဟီရိုးအင်း၊ မက်သာဖီတမင်းနှင့်အခြားမူးယစ်ဆေးဝါးများကို ဖြတ်ရောင်းသူမှန်သမျှအား မူးယစ်ဆေးဝါးရောင်းဝယ်သောငွေကို သိမ်းပိုက်ရုံသာမက သိမ်းဆီးရသောမူးယစ်ဆေးဝါးတန်ဖိုး၏ ၅၀ % ကျ ဒါဏ်ငွေကိုလည်း ကောက်ယူမည်။

၂။ မူးယစ်ဆေးဝါးဖြတ်ရောင်းခြင်း အတန်တန်ပညာပေး၍ မပြုပြင်သော ထပ်ဆင့်အပြစ်ကျူးလွန်သူအား ဒါဏ်ငွေတရုတ်ငွေယွမ်(၃၀၀၀၀)သုံးသောင်း ဒါဏ်သတ်ရုံသာမက ပြစ်မှုအခြေအနေအရ ထောင်ဒါဏ်(၁–၃)နှစ် ချရအုံးမည်။

၇။ အသက်ကို ချစ်မြတ်နိုးကြပါ၊ မူးယစ်ဆေးဝါးကို အဝေးရှောင်ကြပါ။

မူးယစ်ဆေးဝါးသည် ကမ္ဘာ၏ဘုံရန်သူဖြစ်သည်။ မူးယစ်ဆေးဝါးသုံးစွဲခြင်းသည် ကိုယ့်ဖါသာ အသက်ဖြေးဖြေးသတ်သေခြင်းဖြစ်သည်။ အသက်ကိုချစ်မြတ်နိုးပါ၊ မူးယစ်ဆေးဝါးကို အဝေးရှောင်ပါဆိုသည်မှာ တိုင်းရင်းသားတိုင်း၏ တာဝန်ဝတ္တရာဖြစ်သည်။

၁။ အသက်(၆၀)အထက် မူးယစ်ဆေးဝါးသုံးစွဲသူကို ဒေသအစိုးရနှင့်တရားစီရင်ရေးဌာနနှင့်လူထုကနေကြပ်မတ်ပြီး ၄င်းအား ကိုယ်ပိုင်အသိဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုကို ဖြတ်ရန် တိုက်တွန်းရမည်။

၂။ အသက်(၅၀)အထက် (၆၀)အောက်ရှိသော မူးယစ်ဆေးဝါးသုံးစွဲသူကို ဒေသအစိုးရ၊ တရားစီရင်ရေးဌာနကနေ အချိန်ကန့်သတ်ပေးသောကာလအတွင်း မူးယစ်ဆေးဝါးသုံးစွဲမှုဖြတ်ပစ်ရန် အကြောင်းကြားရမည်။ အချိန်ကျော်ပြီး မပြတ်နိုင်သောသူအား အဓမ္မနည်းဖြင့် မူးယစ်ဆေးဝါးသုံးစွဲမှုပြတ်အောင် ကုသရေးစခန်းသို့ ပို့ပြီးဖြတ်စေရမည်။ မူးယစ်ဆေးဝါးသုံးစွဲမှုဖြတ်သောကာလအတွင်း နေထိုင်ရေးစားရိတ် လစဉ်တရုတ်ငွေယွမ်(၃၀၀)ကို ကိုယ့်ဖါသာဖြေရှင်းရမည်။

၃။ အသက်(၅၀)အောက်ရှိ မူးယစ်ဆေးဝါးသုံးစွဲသူမှန်သမျှကို (၃–၅)နှစ်ကာလအတွင်း အဓမ္မနည်းဖြင့် မူးယစ်ဆေးဝါး သုံးစွဲမှုပြတ်အောင် ကုသရေးစခန်းသို့ စုစည်းထားရမည်။ မူးယစ်ဆေးဝါး သုံးစွဲမှုဖြတ်သောကာလအတွင်း နေထိုင်ရေးစားရိတ် လစဉ်တရုတ်ငွေယွမ်(၃၀၀)ကို ကိုယ့်ဖါသာဖြေရှင်းရမည်။

၄။ နယ်ပြင်ပ၊ နိုင်ငံခြားသားများ 'ဝ'နယ်မှာမူးယစ်ဆေးဝါး သုံးစွဲသူဖြစ်နေလျှင်၊ ၄င်းအားလုံးတို့ကို သက်ဆိုင်ရာဒေသနှင့်သက်ဆိုင်ရာနိုင်ငံသို့ ဖမ်းဆီးပြီး ပို့ရမည်။

၅။ အတန်တန်ပညာပေး၍ မပြင်သော မူးယစ်ဆေးဝါးသုံးစွဲသူဖြစ်လျှင်၊ ထပ်တစ်ခါ

ပြန်လည်သုံးစွဲတိုင်း ထောင်ဒဏ်(၁)နှစ်တိုးချမည်။ ဆိုလိုသည်မှာ ပဌမအကြိမ် ပြန်လည်သုံးစွဲလျှင် ထောင်ဒဏ်(၁)နှစ်တိုးချမည်။ ဒုတိယအကြိမ် ပြန်လည်သုံးစွဲလျှင် ထောင်ဒဏ်(၂)နှစ်တိုးချမည်။ တတိယအကြိမ် ပြန်လည်သုံးစွဲလျှင် ထောင်ဒဏ်(၃)နှစ်တိုးချမည်။ စတုတ္ထအကြိမ် ပြန်လည်သုံးစွဲခြင်းကို ထောင်ဒဏ်(၅)နှစ်တိုးချမည်။ ပဥ္စမအကြိမ် ပြန်လည်သုံးစွဲလျှင် အချိန်အကန့်အသတ်မရှိ ထောင်ဒဏ်ချပေးရမည်။

၆။ ထောင်ဒဏ်အချိန် မပြည့်မီ မည်သူကမျှ မူးယစ်ဆေးဝါးသုံးစွဲသူကို အာမခံပြီး၊ ရွေးထုတ်ခြင်းမလုပ်ရ။

၇။ နယ်တစ်ခုလုံးသည် ၂၀၀၅ ခုနှစ်၊ ဇွန်လမှ ၂၀၁၅ ခုနှစ်၊ ဇွန်လထိ ဤ(၁၀)နှစ်နောက်ပိုင်းမှာ အခြခံအားဖြင့်မူးယစ်ဆေးဝါးသုံးစွဲသူမရှိသော လူမှုရေးပတ်ဝန်းကျင်ဖြစ်အောင် ကြိုးစားသွားမည်။

၈။ ပြစ်မှုတင်ပြသူကို ကာကွယ်ပေးခြင်းနဲ့ဆုပေးခြင်း။

မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းအတွင်းမှာ ဥပဒေချိုးဖေါက်သော ပြုမူခြင်းကို ထုတ်ဖေါ်ခြင်းကြောင့် အကျိုးပြုသောသူအား လျှို့ဝှက်ပေးခြင်းနှင့်ကာကွယ်ပေးခြင်းများ လုပ်ရမည်။ တချိန်တည်းမှာ ဖမ်းဆီးရရှိသော မူးယစ်ဆေးဝါးရောင်းဝယ်ငွေ တန်ဖိုး၏ ၁၀% ကို ဆုကြေးအဖြစ်ပေးရမည်။

၉။ တရားမျှတစွာ တရားစီရင်ရေးဖြစ်ရမည်။

တရားစီရင်ရေး၊ ရဲစသည့်ဌာနအသီးသီးတို့သည်၊ ပြစ်မှုမသင်္ကာသူကို ဖမ်းဆီးသော ဖြစ်စဉ်အတွင်းမှာ၊ အဖြစ်မှန်ပြောရမည်။ သက်သေအထောက်အထားကို အလေးထားရမည်။ လူဆိုးတစ်ယောက်မျှ မလွတ်စေရုံသာမက လူကောင်းတစ်ယောက်ကိုလည်း ပြစ်မှားတာ မဖြစ်စေရပါ။ ဖမ်းဆီးရမိသော ငွေကြေး၊ ပစ္စည်းတို့ကို စာရင်းပြုမှတ်ပုံတင်ထားရမည်။ အရေအတွက်အတိုင်း အထက်သို့အပ်ပေးရမည်။

တာဝန်ထမ်းဆောင်စဉ် တရားစီရင်သူတို့သည် ယဉ်ကျေးဖွယ်ရာစွာ လုပ်ဆောင်ရမည်။ အများအကျိုးဆောင်ရွက်သော ပုံဟန်ဖြင့် ကိုယ့်ကျိုးရှာကြံခြင်း၊ ကိုယ့်ရန်ညိုးချေခြင်းများမဖြစ်စေရပါ။ ကောင်းမှုပြု အကျိုးဆောင်သော တရားစီရင်သူအား သင့်တော်သည့်ရုပ်ဝတ္ထုဆုလာဒ်ချီးမြှင့်ရမည်။ စည်းကမ်းချိုးဖေါက်သူအား အပြစ်ဒဏ်ပေးအရေးယူရမည်။

တင်းကြပ်စွာ ဂိတ်တာဝန်ကို ထမ်းရွက်ရမည်။ ယဉ်ကျေးစွာ တာဝန်ထမ်းရွက်ရမည်။ ရှိသေသိမ်မွေ့စွာ တာဝန်ထမ်းရွက်ရမည်။ ကေဒါ၊ တပ်သားမရွေး၊ အရပ်သားကုန်သည်မရွေး ဂိတ်ကူးဖြတ်သောအခါမှာ နီးကြားမှုရှိစွာဖြင့်စစ်ဆေးခြင်းကို လက်ခံရမည်။ အသိရှိစွာပူးပေါင်းရမည်။ အကယ်၍ ဂိတ်ကို အတင်းဖြတ်ကျော်ခြင်းပြုလုပ်မှုမှန်သမျှကို ချက်ချင်းဖမ်းချုပ်ပစ်ရမည်။

၁၀။ ပြည်ထောင်စုအစိုးရ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာန၊ တရုတ်ပြည်အဆင့်အသီးသီး မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာန၊ ကုလသမဂ္ဂ မူးယစ်ဆေးဝါးထိန်းချုပ်ရေးဌာနနှင့် ခင်မင်ရင်းနှီးသော အဖွဲ့အစည်းများ စသည်တို့နှင့်ပူးတွဲလုပ်ကိုင်ခြင်းများကို အားဖြည့်ဆောင်ရွက်ကြရမည်။ အပြန်အလှန်သတင်းဖလှယ်ခြင်း၊ အပြန်အလှန်ပူးတွဲခြင်း၊ အတူလက်တွဲကာ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်း၊ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်း ပြစ်မှုတွေလုပ်ခြင်းကို ထိုးနက်တိုက်ဖျက်ကြရမည်။

၁၁။ ဗဟို၏ ဤအကြိမ် မူးယစ်ဆေးဝါးပပျောက်ရေးဆုံးဖြတ်ချက်ကို ဌာနများ၊ တပ်ဖွဲ့များ၊ အဆင့်ဆင့်သောအစိုးရ၊ စာသင်ကျောင်းများ၊ စက်မှုသတ္တုတွင်းလုပ်ငန်းများတို့တွင် ဒါ၀ဖြန့်ခြင်းများကို ပိုမို၍လုပ်ဆောင်ကြရမည်။ ပါတီဝင်၊ လူငယ်အဖွဲ့ အစည်းအဝေး၊ ကေဒါအဖွဲ့ အစည်းအဝေး၊ လူထု စည်းဝေးပွဲကြီး၊ ရုပ်မြင်သံကြား၊ ယဉ်ကျေးမှုပြသခြင်း စသည့်သဏ္ဍာန်များဖြင့် ထပ်ခါထပ်ခါဝါဒဖြန့်ချီကြရမည်။ အိမ်တိုင်းပေါက်သိကြားအောင် ကြိုးစားလုပ်ရမည်။ ဗဟိုနှင့်အစိုးရ၏ မူးယစ်ဆေးဝါးပပျောက်ရေးစိတ်ပိုင်းဖြတ်ချက်များကို ပြည်သူလူထု၏ လက်တွေ့ပြုမှုချက်ဖြစ်စေရမည်။

၁၂။ ဘိန်းမစိုက်ကြသည့်နောက် ဘိန်းစိုက်လယ်သမား၏ ဝန်ထုတ်ကို လျှော့ပေါ့စေရန် ၂၀၀၆ ခုနှစ် မှ ၂၀၀၈ ခုနှစ်ထိ (၃)နှစ်အတွင်း ဌာနချုပ်သည် နယ်တစ်ခုလုံး လယ်သမားများ ဌာနချုပ်သို့ ရိက္ခာအပ်သောတာဝန်ကို ပါယ်ဖျက်လိုက်သည်။ ဒေသအစိုးရအမှုထမ်းသူများ၏ရိက္ခာ ဖြေရှင်းရန်အတွက် ဒေသအစိုးရဆက်လက်၍ နဂိုဒေသကို ချန်ပေးထားသော ဘုံရိက္ခာအရေအတွက်အတိုင်း ကောက်ယူနိုင်သည်။ ဒါပေမဲ့အခြားအကောက်ခွန်များကို ၂၀၀၆ ခုနှစ် မှ ၂၀၀၈ ခုနှစ်ထိ (၃)နှစ်အတွင်း ၅၀% လျှော့ချရမည်။ ဤသို့ဖြင့် ဘိန်းစိုက်လယ်သမားများ ဘိန်းမစိုက်သည့်နောက် နေထိုင်မှုဘ၀အကြပ်းအတည်းများကို ကျော်နင်းနိုင်စေရန်ဖြစ်သည်။

ကျွန်တော်တို့၏ မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းသည် တာဝန်ကြီးလေးပြီး ခရီးဝေးလံပါသည်။ ကျွန်တော်တို့၏တာဝန်သည် ဂုဏ်ရောင်ပြောင်ပြီး ခက်ခဲကြမ်းတမ်းပါသည်။ ကျွန်တော်တို့သည် ရဲဘော် ပေါက်ယိုချမ်အမှူးပြုသော သွေးစည်းညီညွတ်ရေးပါတီ ဗဟို၏ပတ်လည်မှာ စည်းလုံးညီညွတ်ကာ၊ ဘိန်းစိုက်ပျိုးခြင်းမရှိ၊ မူးယစ်ဆေးဝါးထုတ်လုပ်ခြင်းမရှိ၊ မူးယစ်ဆေးဝါးရောင်းဝယ်ခြင်းမရှိ၊ မူးယစ်ဆေးဝါးသုံးစွဲသူမရှိသော ယဉ်ကျေးတိုးတက်သော လူမှုရေးပေါ်ပေါက်ထွန်းကားလာရန် ကြိုးစားလုံးပန်းကြပါစို့။

'ဝ'ပြည်နယ်သွေးစည်းညီညွတ်ရေးပါတီ
အထူးဒေသ (၂) 'ဝ'နယ်အစိုးရ
'ဝ'နယ်သွေးစည်းညီညွတ်ရေးတပ်မတော် ဌာနချုပ်
၂၀၀၅ ခုနှစ်၊ ဇွန်လ(၁၀)ရက်။